ပုံစံ(၉)

ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်
{ နည်းဥပဒေ ၁၇(ဃ) }
ခုံသမာဓိအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး
ရန်ကုန်မြို့
အငြင်းပွားမှုအမှတ် ( ၆ / ၂၀၂၃ )

| | | |
|---|---|---|
| ဒေါ်လှလှနွယ်ပါ(၄)ဦး ( အလုပ်သမား )<br>ရိုးကြီးကျေးရွာ၊ ထန်းတပင်မြို့နယ်။<br>၀၉ - ၆၈၇ ၃၉၂ ၈၄၈ | } | နစ်နာ၍တောင်းဆိုသူ |

နှင့်

| | | |
|---|---|---|
| Mr. Wang Xiaolong ( အလုပ်ရှင် )<br>Xing Hong Sheng Packing Co.,Ltd<br>( ရှင်းဟုန်ရှိန် ပီနံအိတ်စက်ရုံ )<br>ဦးဆန်းမင်းထွန်း ( HR Department )<br>( အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲခြင်းခံရသူ )<br>အမှတ်(၁၀၂)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊<br>ရွှေသံလွင်စက်မှုဇုန်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။<br>၀၉ - ၇၈၈ ၀၈၂ ၃၂၂ | } | တောင်းဆိုခြင်းခံရသူ |

ရက် စွဲ ။ ၂၀၂၃ ခု နှစ်၊ မတ် လ ၂၂ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရွှေသံလွင်စက်မှုဇုန်၊ မင်းကြီးမဟာမင်းခေါင်လမ်းထောင့်၊ အမှတ် (၁၀၂)ရှိ အလုပ်ရှင် Mr. Wang Xiaolong ၊ အလုပ်ရှင်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးဆန်းမင်းထွန်း( HR Department )တို့ ပိုင်ဆိုင်လုပ်ကိုင်သော Xing Hong Sheng Packing Co.,Ltd ( ပီနံအိတ်စက်ရုံ ) နှင့် အလုပ်သမား ဒေါ်လှလှနွယ်ပါ(၄)ဦး တို့အကြားဖြစ်ပွားသောအငြင်းပွားမှုကို လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်လာသဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

CS CamScanner

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မွေးမြူရေးစက်မှုဇုန်ရှိ စိုင်းအောင်ဆာ ပီနံအိတ်ထုတ်လုပ်ရေးစက်ရုံအား လှိုင်သာယာမြို့နယ်၊ ရွှေသံလွင်စက်မှုဇုန်သို့ ၁၁-၇-၂၀၂၂ ရက်နေ့တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရာ လုပ်သား (၁၀၀)ကျော်ရှိသည့်အနက်မှ (၄၀)ဦးသည် နစ်နာကြေးထုတ်ယူ၍ အလုပ်ထွက်ခဲ့ပြီး ကျန်(၆၀)ဦးသာ လိုက်ပါလာခဲ့ကြကြောင်း၊ ၎င်းတို့အား အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် ( EC စာချုပ် )ချုပ်ဆိုစဉ် အလုပ်သမား ဒေါ်လှလှနွယ်ပါ(၄)ဦးသည် မူလအလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် (EC စာချုပ်) ချုပ်ဆိုစဉ် စက်ရုံမူလပိုင်ရှင်အမည် ဦးစိုင်းအောင်ဆာ မဟုတ်ဘဲ Mr. Wang Xiaolong ဖြစ်နေခြင်း၊ မူလစက်ရုံအမည် မဟုတ်ဘဲ Xing Hong Sheng Packing Co.,Ltd စက်ရုံအမည်ဖြစ်နေသည့်အတွက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားရာမှ ပြေလည်မှု မရရှိသော အငြင်းပွားမှုဖြစ်ပါသည်။

ကောက်ချက် ။ အလုပ်သမား ဒေါ်လှလှနွယ်ပါ(၄)ဦးအား အလုပ်ရပ်စဲမှု နစ်နာကြေး ပေးရန် သင့် / မသင့်။

တွေ့ရှိချက်

၄။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မွေးမြူရေးစက်မှုဇုန်ရှိ စိုင်းအောင်ဆာ ပီနံအိတ်ထုတ်လုပ်ရေးစက်ရုံအား ၂၀၁၅ ခုနှစ်ခန့်တွင် လုပ်သား (၁၀၀)ဦးခန့်ဖြင့် Mr. Wang Xiaolong မှ စိုင်းအောင်ဆာလုပ်ငန်းလိုင်စင်အား ငှားရမ်းလုပ်ကိုင်ခဲ့ကြောင်း၊ ထိုစဉ်က အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်(EC စာချုပ်)ချုပ်ဆိုရာတွင် ပိုင်ရှင်မှာ ဦးစိုင်းအောင်ဆာ ( ၁၃/ ကတန(နိုင်) ၀၈၀၅၀၅ ) ဖြစ်ပြီး Mr. Wang Xiaolong သည် အလုပ်ရှင် (ကိုယ်စား) မန်နေဂျာအဖြစ် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြကြောင်း၊ ၁၁-၇-၂၀၂၂ ရက်နေ့တွင် ယင်းစက်ရုံအား ရွှေသံလွင်စက်မှုဇုန်သို့ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရာ ယခင်စက်ရုံရှိ လုပ်သား (၁၀၀)အနက်မှ (၄၀)ဦးခန့်သည် လိုက်ပါလိုခြင်းမရှိသဖြင့် နစ်နာကြေးကို (၆/ ၂၀၂၂)လတွင် ထုတ်ပေးခဲ့ကြောင်း၊ မန်နေဂျာ ဦးခင်အောင်မှ ကျန်လုပ်သား (၆၀)ဦးခန့်ကို စက်ရုံသစ်သို့ လိုက်ပါဆောင်ရွက်ရန် ပိုင်ရှင်၊ မန်နေဂျာအမည် ပြောင်းလဲမှုမရှိကြောင်း ပြောဆိုချက်အရ လိုက်ပါခဲ့ကြပြီး ၁၁-၇-၂၀၂၂ ရက်နေ့မှစ၍ စက်ရုံနေရာအသစ်တွင် အငြင်းပွားမှုဖြစ်ပွားသည့် အမှုစစ်ဆေးကာလအထိ စက်ရုံသစ်အင်အားဖြင့် အကျုံးဝင်လုပ်ကိုင်လျက်ရှိကြကြောင်း တွေ့ရှိရသည်။

၅။ လိုက်ပါလုပ်ကိုင်သူ လုပ်သား (၆၀)ဦးအနက် ဒေါ်လှလှနွယ်ပါ(၂၂)ဦးမှ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့သော်လည်း (၁၈)ဦးမှ ဆက်လက်တိုင်ကြားဖြေရှင်းလိုမှု မရှိသဖြင့် ၎င်းတို့ (၄)ဦးသာ ကျန်ရှိခဲ့ကြကြောင်း၊ ယခုအသစ်ဖွင့်လှစ်သည့် ရွှေသံလွင်စက်မှုဇုန်တွင် စိုင်းအောင်ဆာစက်ရုံ (မွေးမြူရေးဇုန်)နှင့် New Exlode Hong Sheng စက်ရုံတို့ (၂)ရုံပေါင်းပြီး ပိုင်ရှင်အဖြစ် Mr. Wang Xiaolong နှင့် အခြားတစ်ဦး ပူးပေါင်း၍ Xing Hong Sheng Packing Co.,Ltd စက်ရုံအမည်သစ်ဖြင့် ၁၁-၇-၂၀၂၂ ရက်နေ့မှစ၍ လုပ်ကိုင်ကြပြီး အလုပ်သမားများအား အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်(EC စာချုပ်)ချုပ်ဆိုရန် စီစဉ်ခဲ့ကြကြောင်း၊ EC စာချုပ်တွင် စက်ရုံအမည်မှာ စိုင်းအောင်ဆာ မဟုတ်ဘဲ Xing Hong Sheng Packing Co.,Ltd ဖြစ်နေခြင်း၊ ပိုင်ရှင်မှာ ဦးစိုင်းအောင်ဆာ မဟုတ်ဘဲ Mr. Wang Xiaolong ဖြစ်နေခြင်း၊ မူလမန်နေဂျာ ဦးခင်အောင်မှာ လုပ်ကိုင်ခြင်း မရှိတော့သဖြင့် အလုပ်သမား (၄)ဦးမှာ ဆက်လက်လုပ်ကိုင်လိုမှု မရှိသဖြင့် နစ်နာကြေးတောင်းဆိုခဲ့ကြကြောင်း တွေ့ရှိရသည်။

၆။ စိုင်းအောင်ဆာ စက်ရုံလိုင်စင်အား ငှားရမ်းပြီး Mr. Wang Xiaolong မှ လုပ်ကိုင်ခဲ့ကြောင်း၊ စိုင်းအောင်ဆာသည် ရှယ်ယာပါဝင်မှုမရှိကြောင်း၊ (EC စာချုပ်)ချုပ်ဆိုရာတွင် အလုပ်ခွင် သို့မဟုတ် စီမံအုပ်ချုပ်သူနေရာတွင် Mr. Wang Xiaolong က လက်မှတ်ရေးထိုးပြီး မန်နေဂျာဟု ဖော်ပြထားကြောင်း တွေ့ရှိရသည်။

၇။ တိုင်ကြားသူများသည် စိုင်းအောင်ဆာစက်ရုံတွင် လုပ်ကိုင်စဉ် ဦးစိုင်းအောင်ဆာအား မမြင်ဘူးကြောင်း၊ လျှပ်စစ်မီးအခက်အခဲကြောင့် Xing Hong Sheng Packing Co.,Ltd စက်ရုံကို ၉-၃-၂၀၂၃ ရက်နေ့မှ ၂၀-၃-၂၀၂၃ ရက်နေ့ထိ စက်ရုံအား ခေတ္တပိတ်ထားပြီး ယင်းကာလအတွက် လုပ်သားများအား နေ့တွက်ကြေးပေးထားကြောင်း၊ ပိုင်ရှင်ပြောင်းလဲမှု အပေါ်ကျေနပ်မှုမရှိသဖြင့် နစ်နာကြေးရလိုမှုအား ၁၆-၂-၂၀၂၃ ရက်နေ့တွင် တိုင်ကြားခဲ့ကြောင်း တွေ့ရှိရသည်။

၈။ စက်ရုံပိတ်ကာလအတွင်း အလုပ်သမားများအား အငြင်းပွားမှုဖြစ်သည့်နေ့ထိ တိုင်ကြားသူ (၄)ဦးအပါအဝင် လုပ်သား (၂၅၀)ဦးခန့်အား အလုပ်တက်/ ဆင်း စာရင်းတွင် တက်ရောက်မှုဖော်ပြထားကြောင်းနှင့် နေ့တွက်ကြေးပေးထားကြောင်း၊ စက်ရုံတွင် လုပ်သား(၂၀၀)ကျော်(EC စာချုပ်) ချုပ်ဆိုပြီးဖြစ်ကြောင်း၊ မူလတိုင်ကြားသူ (၂၂)ဦးအနက် ဆက်လက်မတိုင်ကြားလိုသူ (၁၈)ဦးမှာလည်း စာချုပ်ချုပ်ဆိုပြီးဖြစ်ကြောင်း( EC စာချုပ် ) ချုပ်ဆိုရန် ဒေါ်လှလှနွယ်ပါ

CamScanner

(၄)ဦးသာ ကျန်ကြောင်း၊ အလုပ်သမား(၄)ဦးမှ မူလပိုင်ရှင် စက်ရုံအမည်နှင့် မန်နေဂျာမဟုတ်၍ ဆက်လက်လုပ်ကိုင်ရန် ဆန္ဒမရှိကြောင်း၊ နစ်နာကြေးရယူလိုကြောင်း၊ ၎င်းတို့ဆန္ဒအရ အလုပ်လုပ်ကိုင်ခြင်းသာဖြစ်ကြောင်း တွေ့ရပါသည်။

၉။ ဒေါ်လှလှနွယ်(ယက္ကန်းလုပ်သား)သည် ၂၀-၄-၂၀၂၁ ရက်နေ့တွင် အလုပ်ဝင်ရောက်ခဲ့ပြီး အခြေခံလစာ ၁၄၄,၀၀၀ိ/-၊ ရက်မှန်ကြေး ၂၀,၀၀၀ိ/-၊ ခရီးစရိတ် ၂၅,၀၀၀ိ/-၊ လုပ်သက်ကြေး ၂,၀၀၀ိ/-၊ စုစုပေါင်း ၁၉၁,၀၀၀ိ/- ရရှိကြောင်း၊ ဒေါ်ခင်ဖြိုးပြည့်စုံ(ယက္ကန်းလုပ်သား)သည် ၁၆-၉-၂၀၂၁ ရက်နေ့တွင် အလုပ်ဝင်ရောက်ခဲ့ပြီး အခြေခံလစာ ၁၄၄,၀၀၀ိ/-၊ ရက်မှန်ကြေး ၂၀,၀၀၀ိ/-၊ ခရီးစရိတ် ၂၅,၀၀၀ိ/-၊ လုပ်သက်ကြေး ၂,၀၀၀ိ/- စုစုပေါင်း ၁၉၁,၀၀၀ိ/- ရရှိကြောင်း၊ ဦးဇော်လွင်ဌေး(ယက္ကန်းလုပ်သား)သည် ၂၅-၇-၂၀၁၆ ရက်နေ့တွင် အလုပ်ဝင်ရောက်ခဲ့ပြီး အခြေခံလစာ ၁၄၄,၀၀၀ိ/-၊ ရက်မှန်ကြေး ၂၀,၀၀၀ိ/-၊ ခရီးစရိတ် ၂၅,၀၀၀ိ/-၊ လုပ်သက်ကြေး ၁၂,၀၀၀ိ/-၊ စုစုပေါင်း ၂၀၁,၀၀၀ိ/- ရရှိကြောင်း၊ ဒေါ်ထက်ထက်ထူးဝေ (ယက္ကန်းလုပ်သား)သည် ၉-၁၂-၂၀၁၉ ရက်နေ့တွင် အလုပ်ဝင်ပြီး အခြေခံလစာ ၁၄၄,၀၀၀ိ/-၊ ရက်မှန်ကြေး ၂၀,၀၀၀ိ/-၊ ခရီးစရိတ် ၂၅,၀၀၀ိ/-၊ လုပ်သက်ကြေး ၂,၀၀၀ိ/-၊ စုစုပေါင်း ၁၉၁,၀၀၀ိ/- ရရှိကြောင်း တွေ့ရှိရပါသည်။

၁၀။ အလုပ်သမား(၄)ဦးအား စက်ရုံသစ်မှ အလုပ်ထုတ်ပယ်ခြင်းမရှိကြောင်း၊ မန်နေဂျာဦးခင်အောင်က စက်ရုံအမည်မပြောင်း၊ ပိုင်ရှင်အမည်မပြောင်းဟုပြောသည့်အတွက် လိုက်ပါလာခဲ့ခြင်းဖြစ်သော်လည်း ပြောဆိုချက်များနှင့် ကွဲလွဲနေသည့်အတွက် နစ်နာကြေးတောင်းဆိုခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

သုံးသပ်ချက်

၁၁။ လှိုင်သာယာမွေးမြူရေးဇုန်ရှိ ဦးစိုင်းအောင်ဆာပိုင်သော စိုင်းအောင်ဆာပီနံအိတ်လုပ်ငန်းလိုင်စင်အား Mr. Wang Xiaolong မှ ငှားရမ်းပြီး ၂၀၁၅ ခုနှစ်မှစ၍ ဖွင့်လှစ်လုပ်ကိုင်ခဲ့ကြောင်း၊ ယင်းစက်ရုံတွင် (EC စာချုပ်)ချုပ်ဆိုရာတွင် ပိုင်ရှင်အမည် စိုင်းအောင်ဆာစက်ရုံအမည် စိုင်းအောင်ဆာ ပီနံအိတ်စက်ရုံဖြစ်ကြောင်း၊ Mr. Wang Xiaolong သည် ၁၁-၇-၂၀၂၂ ရက်နေ့တွင် ရွှေသံလွင်စက်မှုဇုန်သို့ ပြောင်းရွှေ့ပြီး စိုင်းအောင်ဆာစက်ရုံမှ လုပ်သမားများ Hong Sheng လုပ်ငန်းပိုင် New Exlode စက်ရုံမှ လုပ်သားများပူးပေါင်းပြီး ယခု Xing Hong Sheng ပီနံအိတ်စက်ရုံအသစ် ဖွင့်လှစ်ခဲ့ကြောင်း သုံးသပ်ရရှိပါသည်။

၁၂။ စိုင်းအောင်ဆာစက်ရုံမှ လုပ်သား(၁၀၀)ဦးအနက် လိုက်ပါလိုခြင်းမရှိသူ (၄၀)ဦးအား နစ်နာကြေးပေးခဲ့ပြီး ကျန်(၆၀)ဦးအား ၁၁-၇-၂၀၂၂ ရက်နေ့မှစ၍ လိုက်ပါလုပ်ကိုင်စေခဲ့ကြောင်း၊ Xing Hong Sheng စက်ရုံအနေဖြင့် (၂/၂၀၂၃)လတွင် လုပ်သား(၂၅၀)ဦးခန့်အား (EC စာချုပ်)ချုပ်ဆိုရာ စိုင်းအောင်ဆာစက်ရုံမှ လိုက်ပါလာသူ (၂၂)ဦးမှ တိုင်ကြားခဲ့ပြီး (၁၈)ဦးမှ ဆက်လက်မတိုင်ကြားလိုတော့ဘဲ (၄)ဦးသာ ကျန်ရှိတော့ကြောင်း၊ ဆက်မတိုင်ကြားသူ (၁၈)ဦး အပါအဝင် လုပ်သား(၂၀၀)ဦးကျော် (EC စာချုပ်) ချုပ်ဆိုခဲ့ကြပြီး တိုင်ကြားသူ(၄)ဦးသာ ချုပ်ဆိုရန် ကျန်ရှိခဲ့ကြကြောင်း၊ တိုင်ကြားသူ (၄)ဦးအပါအဝင် လုပ်သား(၂၅၀)ဦးသည် စက်ရုံမှ ၉-၃-၂၀၂၃ ရက်နေ့မှ ၂၀-၃-၂၀၂၃ ရက်နေ့ထိ စက်ရုံခေတ္တပိတ်ထားပြီး လုပ်သားအားလုံးအား နေ့တွက်ကြေးပေးထားပြီး အလုပ်တက်/ ဆင်းစာရင်းတွင် အကျုံးဝင်ကြသူများဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

၁၃။ အလုပ်ရှင်၊ အလုပ်သမားတို့ ထွက်ဆိုချက်အရ တိုင်ကြားသူ (၄)ဦးအား အလုပ်မှ ထုတ်ပယ်မှု ပြုထားခြင်းမရှိကြောင်း၊ တိုင်ကြားသူ(၄)ဦးသည် စိုင်းအောင်ဆာစက်ရုံပိတ်စဉ်က နစ်နာကြေးရယူထားခြင်းမရှိဘဲ လုပ်သက်ဆက်ပြီး ဆက်လက်လုပ်ကိုင်နေကြကြောင်း၊ Xing Hong Sheng စက်ရုံမှာ လုပ်သား(၄)ဦးအား အလုပ်မှ ထုတ်ပယ်ထားခြင်းမရှိသဖြင့် နို့တစ်ကြေး၊ နစ်နာကြေး မပေးသင့်ကြောင်း၊ သို့ရာတွင် စိုင်းအောင်ဆာစက်ရုံတွင် လုပ်သား(၄)ဦးဝင်ရောက်လုပ်ကိုင်သည့်ကာလအတွက် Mr. Wang Xiaolong မှ လုပ်ငန်းလိုင်စင် ငှားရမ်းလုပ်ကိုင်ခဲ့မှုအတွက် နစ်နာကြေးတစ်စုံတစ်ရာပေးရန်နှင့် ၁၀-၇-၂၀၂၂ ရက်နေ့ထိကာလအတွက် ထုတ်ပေးသင့်ကြောင်း၊ စက်ရုံပြောင်းရွှေ့သည့် ၁၁-၇-၂၀၂၂ ရက်နေ့မှ အပြောင်းပွားမှုဖြစ်ပွားသည့် ကာလအတွက် အလုပ်မှထုတ်ပယ်ခြင်း တစ်စုံတစ်ရာမရှိသဖြင့် ယင်းကာလအတွက် နို့တစ်ကြေးနှင့် နစ်နာကြေးများထဲတွင် ထည့်သွင်းတွက်ချက်ပေးရန် မလိုကြောင်းသုံးသပ်ရရှိပါသည်။

၁၄။ သို့ဖြစ်ပါ၍ ဒေါ်လှလှနွယ်အား ၂၀-၄-၂၀၂၁ ရက်နေ့မှ ၁၀-၇-၂၀၂၂ ရက်နေ့ထိ၊ ဒေါ်ခင်ဖြိုးပြည့်စုံအား ၁၆-၉-၂၀၂၁ ရက်နေ့မှ ၁၀-၇-၂၀၂၂ ရက်နေ့ထိ၊ ဦးဇော်လွင်ဌေးအား ၂၅-၇-၂၀၁၆ ရက်နေ့မှ ၁၀-၇-၂၀၂၂ ရက်နေ့ထိ၊ ဒေါ်ထက်ထက်ထူးဝေအား ၉-၁၂-၂၀၁၉ ရက်နေ့မှ ၁၀-၇-၂၀၂၂ ရက်နေ့ထိ လုပ်သက်ကာလများအတွက် စိုင်းအောင်ဆာစက်ရုံ ပိတ်သိမ်းခဲ့မှုအတွက် နစ်နာကြေး တွက်ချက်ထုတ်ပေးရန် သုံးသပ်ရရှိပါသည်။

CamScanner

ဆုံးဖြတ်ချက်။ (က) အလုပ်သမား ဒေါ်လှလှနွယ်ပါ(၄)ဦးအား စိုင်းအောင်ဆာစက်ရုံတွင် လုပ်ကိုင်ခဲ့သော ကာလများအတွက် အလုပ်ရပ်စဲမှုနစ်နာကြေးကို အောက်ပါအတိုင်းထုတ်ပေးရန် ဆုံးဖြတ်သည် -

| စဉ် | အမည် | လုပ်သက် | လစာနှုန်း | တွက်ချက်မှု | နစ်နာကြေး |
|---|---|---|---|---|---|
| ၁။ | ဒေါ်လှလှနွယ် | ၂၀-၄-၂၀၂၁ ရက်နေ့မှ ၁၀-၇-၂၀၂၂ ရက်နေ့အထိ | ၁၉၁,၀၀၀ | ၁၉၁,၀၀၀ × ၁ | ၁၉၁,၀၀၀ |
| ၂။ | ဒေါ်ခင်ဖြိုးပြည့်စုံ | ၁၆-၉-၂၀၂၁ ရက်နေ့မှ ၁၀-၇-၂၀၂၂ ရက်နေ့အထိ | ၁၉၁,၀၀၀ | ၁၉၁,၀၀၀ × $\frac{၁}{၂}$ | ၉၅,၅၀၀ |
| ၃။ | ဦးဇော်လွင်ဌေး | ၂၅-၇-၂၀၁၆ ရက်နေ့မှ ၁၀-၇-၂၀၂၂ ရက်နေ့အထိ | ၂၀၁,၀၀၀ | ၂၀၁,၀၀၀ × ၄ | ၈၀၄,၀၀၀ |
| ၄။ | ဒေါ်ထက်ထက်ထူးဝေ | ၉-၁၂-၂၀၁၉ ရက်နေ့မှ ၁၀-၇-၂၀၂၂ ရက်နေ့အထိ | ၁၉၁,၀၀၀ | ၁၉၁,၀၀၀ × ၁ $\frac{၁}{၂}$ | ၂၈၆,၅၀၀ |

(ခ) ၁၁-၇-၂၀၂၂ ရက်နေ့မှ အငြင်းပွားမှုဖြစ်ပွားသည့်ကာလထိ လုပ်သား(၄) ဦးတို့အား Xing Hong Sheng စက်ရုံသစ်တွင် အလုပ်မှ ထုတ်ပယ်ထားခြင်းမရှိဘဲ အလုပ်သမား(၄)ဦးတို့ဆန္ဒအရ ဆက်လက်လုပ်ကိုင်ရန် ဆန္ဒမရှိကြသည့်အတွက် နို့တစ်ကြေးနှင့် နစ်နာကြေးပေးရန်မလိုဟု ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၅။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

CamScanner

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူ တစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဇင်ကေသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရှိဦး)
အဖွဲ့ဝင်

(ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ဇေယျ)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(ကျင်သိန်း)
အဖွဲ့ဝင်

CamScanner